အားဖြင့် သတ်လိုသောငှာ တောအရပ်သို့ ဆောင်ခဲ့ပြီတကား။ (ထွက် ၁၆း၂-၃) တွင် ညည်းတွား မြည်တမ်းလျှက် အမြင်တို့ လွဲမှားခဲ့ပါသည်။
တပည့်တော်များ ကိုယ်တိုင် သခင်ယေရှုက ကမ်းတစ်ဖက်ကို ကူးမည်ဟု မြွက်ဆိုလျှင် အိုင်၌ လှိုင်းများ ဗိုပြင်းထန်စွာ ထ သောအခါ ယနေ့ မျက်မှောက်ခေတ် လူသားများ စားဝတ်နေရေး သဘာဝဘေးနှင့် ရာစုသစ် စိန်ခေါ်မှုများကြောင့် စိတ်မသာ ညည်းတွားခြင်း ပြုသည့် နည်းတူ "သခင် အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ ရောက်ပါ၏ ကယ်မသနားတော် မူပါ" ဟု လျှောက်ကြသော် "ယုံကြည်ခြင်း အားနည်းသော သူတို့ အဘယ်ကြောင့် ကြောက်တတ်သနည်း" ဟု (မသဲ ၈း၁၈-၂၇) တွင် တပည့်တော်များ ယုံကြည်ခြင်း အမြင် အားနည်းမှုကို ထောက်ပြ သွန်သင်ခဲ့ပါသည်။

ဝေဝါးခြင်း အလျဉ်းမရှိ၊ ရှင်းလင်းပြတ်သားစွာ မြင်တွေ့နိုင်ကြသော ယုံကြည်သူများ နောဧ သည် ဘုရားသခင် မှာထားတော်မူသည့်အတိုင်း အလုံးစုံကို ပြု၏။ ဘုရား သခင်၏ အကြံ အစည်အပေါ်တွင် စောဒက မတက်ခဲ့၊ သင်္ဘောကြီး၏ အရွယ် အစားမှ အစ၊ တိရစ္ဆာန် အထီး အမ အစုံ စသည်ဖြင့် မိန့်တော်မူချက် အတိုင်း တိကျစွာ ပြု၏။ အရှုံး သဖွယ် ထင်မှတ်ခြင်း ခံခဲ့ရပါသည်။ နောဧ သည် လူတို့၏ အမြင်ကို မျက်ကွယ်ပြုကာ ဘုရားသခင်၏ အလိုတော်နှင့် အကြံအစည်တော်ကိုသာ မြင်အောင် ကြည့်နိုင်ခဲ့ပါသည်။ (ကမ္ဘာ ၆း ၁၃-၂၂)

အာဗြဟံ သည် သူ အလွန်ချစ်လျက် မြက်နိုးလှသော တစ်ဦးတည်းသော သားကို မီးရှို့ရာယဇ် အဖြစ် ပူဇော်ရန် ထွက်ခဲ့သော မောရိပြည် တစ်လျှောက်မှ ယဇ် ပူဇော်မည့် တောင်ပေါ်သို့ ရောက်သည့်တိုင် နောက်သို့ ပြန်မလှည့်၊ မဖောက်မပြန် ယုံကြည်ခြင်း အမြင် ဖြင့်သာ တက်ခဲ့၏။ သား ဣဇက်က၊ အဘ အာဗြဟံကို မီး ပါ၏။ ထင်းလည်း ပါ၏။ ယဇ်ရှို့စရာ အဖို့ သိုးသငယ် အဘယ်မှာရှိသနည်းဟု မေးသောအခါ ငါ့သား ယဇ်ရှို့စရာအဖို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ ပြင်ဆင် တော်မူလိမ့်မည်ဟု ဆိုလျက် မိမိလက်ကို ဆန့်ပြီး သားကို သတ်ခြင်းငှာ ဓားကို ကိုင်လိုက်သည်။ (ကမ္ဘာ ၂၂း၁-၁၀) ထိုအချိန်က အာဗြဟံ၏ ရင်တွင်းသို့ ထိုးဖောက်ကြည့်လျှင် သားကို သတ်ရမည့် ဖခင်၏ ကြေကွဲဝမ်းနည်းမှုများ ရှိမည်လား။ ဒါမှမဟုတ် ယုံကြည်ခြင်း ပြည့်ဝသော မဖောက်ပြန်သည့် သတ္တိများကိုသာ တွေ့ရမည်လားဟုပင် မဝေခွဲတတ်။ အာဗြဟံ မူကား ယုံကြည်ခြင်း အမြင် ရှင်းလင်းခဲ့ပါသည်၊ ဘုရားသခင် အပေါ် သစ္စာ ရှိခဲ့ပါသည်။

သခင်ယေရှု ကပေရနောင်မြို့သို့ ကြွတော်မူစဉ်က ရောမ တပ်မှူး တစ်ဦးသည် သေလောက်သော အနာဖြင့် ပြင်းစွာ ခံစားနေရသော သူ၏ ငယ်သားတစ်ဦးအတွက် အနာ ရောဂါ ငြိမ်းစေရန် လာရောက် လျှောက်ထားရာတွင် သခင်ယေရှုက ငါလာပြီး ချမ်းသာ ပေးမည်ဟု ဆိုခဲ့သော်လည်း တပ်မှူးက အမိန့်တော် တစ်ခွန်း ရှိလျှင်ပင် ငယ်သားသည် ချမ်းသာရပါလိမ့်မည်ဟု ပြန်လျှောက်ခဲ့သည်။ သခင်ယေရှု ကိုယ်တော်တိုင်က ငါ အမှန် ဆိုသည်ကား ထိုမျှလောက်သော ယုံကြည်ခြင်းကို ဣသရေလ အမျိုး၌ပင် ငါ မတွေ့ဖူးသေး။ ဟု (မသဲ ၈း၅-၁၀) တွင်ဆိုခဲ့ပါသည်။

သမ္မာကျမ်းစာထဲမှ ယုံကြည်သော သူများအကြောင်း ဆင်ခြင်မိသော ကျွန်တော် သည် မေးခွန်းတစ်ခု ခေါင်းထဲ ဝင်လာပါသည်။ ငါ ဘယ်လို လူလဲ၊ ကောင်းပါတယ်ဟု မှတ်ချက် ချပြီးမှ၊ ဟုတ်ရဲ့လား။ ဆိုသည့် ကိုယ်တိုင် အမေး အဖြေကြောင့် ကျမ်းစာအုပ်ကို လက်မှာ ကိုင်လျက်ပင် ဘေးဖက်သို့ ဝေ့ကြည့်မိသည်။ အခန်းထဲတွင် မည်သူမျှ မရှိ၊ မည်သူမျှ ဝင် မလာသော်လည်း ကျွန်တော့်စိတ်သည် အနည်းငယ်ထက် ပိုကာ လှုပ်ရှားမိပါသည်။ ကျွန်တော်သည် ယုံကြည်ခြင်း အမြင် ကောင်းသူ ဒါမှ မဟုတ် မကောင်းသူအဖြစ် ရာနိုင်နှုန်းပြည့် ဆုံးဖြတ်ရန် ခက်နေပါသည်၊ လိမ်ညာ လို့ကလည်း ရနိုင်မည် မဟုတ်။ သုတ္တံကျမ်း ၁၇း၃ တွင်၊ ငွေ စစ်စရာဖို့ မိုက် ကိုလည်းကောင်း၊ ရွှေ စစ်စရာအဖို့ မီး ကိုလည်းကောင်း၊ စိတ်နလုံး ကိုမူကား ထာဝရဘုရား စစ်တော်မူ၏။ ဟု ဆိုသည့်အတွက်၊ ကျွန်တော် ကိုယ့်ကိုယ်ကို ကောင်းသော မှတ်ချက် ပေးရန် ကြောက်သွားပါသည်၊ အဘယ့်ကြောင့်ဆိုသော်- ယနေ့ ကျွန်တော်တို့သည် ခရစ်တော်ကို ချစ်သည်ဟု ဆိုလျက်ပင် ဟန်ဆောင်မှုနှင့် မာနကင်းသော အပြုံး တစ်ခုကို တစ်ပါးသူအား ပေးဖို့ရန် ဝန်လေးလျှက် ရှိဆဲပင်။

တပည့်တော်များ၏ ခြေကိုဆေးပြီး အငယ်ဆုံးသော သူ၏ အမှုကို သခင် ပြုခဲ့သော်လည်း ကျွန်တော်တို့သည် အတ္တမာနနှင့် ဂုဏ် ပကာသနတွေအတွက် ကျိုးစားရှုန်းကန်ဆဲ၊ သခင်ယေရှုသည် အနိုင်းမဲ့ မေတ္တာရှင်ဟု နှုတ်မှ ဆိုလျက်ပင် ခွင့်လွှတ်သီးခံခြင်း အမှု၌ အားနည်းလျက် ရှိဆဲ၊ စကြာဝဠာ တစ်ခုလုံးကို ဖန်ဆင်း ပိုင်သရှင် ဟု နှုတ်မှ ဆိုလျက်ပင် ကျွန်ုပ်တို့သည် ဘဝ အမောများအတွက် လွဲမှားသော လမ်းတို့ကို ရွေးချယ် လိုက်လျှောက်နေဆဲပင်။ ထိုသို့ဆိုသော် သခင်ခရစ်တော် ပေါ်၌ ထားရှိသည့် ကျွန်တော်တို့၏ ယုံကြည်ခြင်း အမြင်သည် ......။ ။ နွယ်ဝေမွန်(ပြည်)

---

# ခွန်အား

ခွန်အား ဂွန်ပန်း



နေ့စဉ် ကြီးထွားမှု အတွက် အာဟာရ ရှိတာတွေ စားပေးရတယ်။ ခန္ဓာ ကြီးထွား မှု တခုတည်း အတွက် မဟုတ်ဘဲ ညဏ်ပညာ ခွန်အား ရှိဖို့အတွက် ကျွန်မတို့ နေ့စဉ် သွားလာ စားသောက် ရသလိုဘဲ။ သစ်ပင် တစ်ပင် ကြီးထွား ဖို့အတွက် မြေဆီ ဓာတ်လိုတယ်။ ခွန်အားနှင့် ပြည့်တဲ့ သစ်ပင်လေး တစ်ပင် ဖြစ်ဖို့အတွက် ရေလောင်း ပေးရုံ နဲ့တော့ သန်မာထွား ကြိုင်းပြီး ခွန်အား ပြည့်နိုင်မှာ မဟုတ်ဘူး။ မြေဆွ ပေးရမယ်၊ ပေါင်းသင် ပေးရမယ်။ မြေသြဇာ ကျွေးရမယ်။ အဲ့ဒါဆို ကျွန်မတို့ လူသား တွေ အတွက် နေ့စဉ် အသက်ရှင် သွားလာ နေထိုင် နိုင်ဖို့ စားသောက် နေရသလိုဘဲ အဖ ဘုရားနှင့် အစဉ် နီးစပ် နိုင်ဖို့နှင့် ဝိညာဉ်ခွန်အား အစဉ် ကြီးထွားနိုင်ဖို့ ဝိညာဉ် ခန္ဓာ ကြီးထွား စေရန် သမ္မာ ကျမ်းစာကို နေ့စဉ် ဖတ်ရှုမှသာလျှင် ကျွန်မတို့၏ ဝိညာဉ် ခွန်အား တွေဟာ နေ့စဉ် မှန်မှန် ကြီးထွားလာပြီး၊ စစ်မှန်တဲ့ ခရစ်ယာန် ဆိုတဲ့ ဘုရား သားသမီး၏ အသက်တာကို ပိုင်ဆိုင်ရမှာပါ။ ခရစ်ယာန်တိုင်း ဝိညာဉ်ခွန်အား မပြည့် သလို ခရစ်တော်နှင့်လည်း မနီးစပ်ပါဘူး။ ကျွန်မတို့၏ အသက်တာ ဝိညာဉ် ခွန်အား ကြီးထွားပြီး ခရစ် တော်နှင့် နီးစပ်အောင် လမ်းပြ သွန်သင် ပေးနိုင်သူ ကတော့ သမ္မာ ကျမ်းစာသာလျှင် လမ်းပြသွန်သင်နိုင်တာမို့ မိတ်ဆွေ သင့်မှာ ဝိညာဉ်ခွန်အား ပြည့်ဝသော အသက် ရနိုင်ဖို့အတွက် နေ့စဉ် သမ္မာကျမ်းစာကို ဖတ်ရှု လေ့လာပါလို့ ခွန်အား ပြည့်ဝလျှက် ဝေဆာလှပသော ခရစ်ယာန် အသက်တာကို ပိုင်ဆိုင် နိုင်ကြပါစေလို့ ---။ အားလုံး ကိုချစ်တဲ့ ...။ ။ ဂွန်ပန်း (ငါ့ကို ခွန်အားနှင့် ပြည့်စုံတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသော အမှုတို့ကို ငါ တတ်စွမ်း နိုင်၏။) ဖိလိပ္ပိ ၄း ၁၃။

---

# မိုးမိသူများ

မိုးမိသူများ(မင်းအောင်သက်လွင်)



လွန်ခဲ့သော နှစ်အတော် ကြာကြာက ကျနော် ကလောမြို့နဲ့ မနီးမဝေး မှာ ရှိတဲ့ ပလောင်တောင် ကို ရောက်သွားခဲ့ပါတယ်။ အဲဒီ ဒေသမှာ အမှုတော်ဆောင် ဆက် ကပ်နေကြတဲ့ ဆရာ ဆရာမ တွေ ရဲ့ ဖိတ်ကြားချက်အရ ပလောင်တောင်မှာ မှီတင်း နေထိုင် စားသောက်နေကြတဲ့ ပလောင်လူမျိုးတွေရဲ့ ဘဂကို အနီးကပ် လေ့လာရင်း အားလပ်ရက်မှာ သာသနာပြုဖို့ ရောက်သွားတာ ဖြစ်ပါတယ်။ ဆောင်း ရာသီ မနက်စောစောမှာ ရှမ်းပြည်တောင်ပိုင်းရဲ့ အအေးဓါတ်က ၄ ဒီဂရီ ဆဲစီးယက်စ် ရှိပါတယ်။ အအေး ပေ့ါသွားချိန်လောက်မှာ ကလောမြို့ နှစ်ခြင်း အသင်းတော်မှ လူငယ်များနဲ့ ရန်ကုန်က ရောက်လာတို့ ကျနော်တို့အဖွဲ့ စုစုပေါင်း လူငယ် ၂၀ ကျော်ဟာ အနွေးထည်ကိုယ်စီ၊ လွယ်အိတ်ကိုယ်စီနဲ့ လူသွား လမ်းလေး အတိုင်း ပလောင် တောင်ပေါ်ကို တက်လာခဲ့ကြပါတယ်။ အဲဒီ အချိန်အခါက မှတ်တမ်း တင်စရာ ကင်မရာတွေ ဟန်းဖုန်းတွေ ဟန်းဆက်တွေ facebook တွေ ခေတ် မစား သေးတော့ ကျနော်တို့ သာသနာပြုအဖွဲ့ရဲ့ ခရီးသွား မှတ်တမ်းအတွက် သက်သေ ပြစရာ မှတ်တမ်းမှတ်ရာတွေ တစ်ခုမှ ရှိမနေခဲ့ပါဘူး။ ဆယ့်ငါးနှစ်ကျော် ကြာခဲ့တဲ့ ဒီခရီးစဉ်ဟာ ကျနော့်ရဲ့ စိတ်ထဲမှာ မနေ့တစ်နေ့ကလို အမှတ်ထင် ကျန်ရစ်နေဆဲပါ။ တောင်ပေါ် တက်တော့၊ ထုံးစံအတိုင်း ကလောမြို့ခံ လူငယ် တောင်ပေါ်သူ တောင်ပေါ် သားလေးတွေက ရန်ကုန်မြေပြန့်က လာတဲ့ ကျနော်တို့ကို အပင်ပန်း ခံနိုင်မှာ မဟုတ်ဘူးလို့ ထင်ကြပါတယ်၊ တကယ့်တကယ် တောင်ပေါ် တက်တဲ့အခါ ကျနော်က ကျောပိုးအိတ်တစ်လုံး လွယ်ပြီး တောင်ပေါ်ထိပ်က ပလောင်ရွာကို အရင်ဦးဆုံး ချွေးမထွက်၊ မမောဟိုက်ဘဲ ရှေ့ဆုံးက ရောက်သွားခဲ့ပြီး ဒေသခံ လူငယ် အမျိုးသားတွေက ချွေးတလုံးလုံးနဲ့ ဟောဟဲ လိုက်ပြီး နောက်ကနေ ပင်ပန်းနေကြ ပါတယ်၊ (ဒါတောင် သူတို့က ဆူးချုံ ကျောက်ဆောင် တောလမ်းကြမ်း ဒဏ် ခံနိုင်အောင် တောစီး ဘွတ်ဖိနပ်တွေ ကိုယ်စီ ဂတ်ထားကြပါတယ်၊ ရန်ကုန်သား ကျနော် ကတော့ ရန်ကုန်စတိုင် ကတ္တီပါ ခြေညှပ်ဖိနပ်နဲ့ပါ) ကျနော်က ရန်ကုန် နေပူပူမှာ အင်းစိန်နဲ့ အလုံမြို့နယ်ကို နေ့တိုင်း ချွေးပြိုက်ပြိုက် ကျ

အောင် အသွား အပြန် တစ်နေ့တစ်ခေါက် စက်ဘီးနင်းပြီး ကောလိပ်ကျောင်း တက်လာခဲ့တာ ဆိုတော့ ကျင့်သား ရနေပါပြီ။ အခုလို ဆောင်းနှင်း ဖွေးဖွေး အေးအေးလေးမှာ တောင်ပေါ် ရာသီ ဥတုနဲ့ လတ်ဆတ်တဲ့ လေရှူပြီး တောင်တက်တာ လောက်ကတော့ ပျင်းတောင် ပျင်း သေးတယ်ပေါ့ဗျာ။ ဟော - ကျနော်တို့ ရောက်ချင်နေတဲ့ ပလောင်ရွာကို ရောက် လာခဲ့ပါပြီ။ တစ်ရွာလုံးမှာ အိမ်သာ ဆိုလို့ အိမ်သာနဲ့တူတာ တစ်ခုဘဲ ရှိပါ တယ်။ ဂါး ထရံ တစ်ချပ်သာ ကာ ထားပြီး၊ ဂါးလုံး နှစ်ချောင်း ခင်းထားတဲ့ အိမ်သာ လေးပါ။ ရွာ ထဲက အချမ်းသာဆုံး ဖြစ်သူရဲ့ သူတို့နေတဲ့ အိမ်လေးထဲကို ရွာသူ ရွာသား ပလောင် လူမျိုးတွေက ဝင်ထိုင်ဖို့ ဖိတ်ခေါ်ကြပါတယ်။ ကျနော်တို့ အဖွဲ့ သူတို့ နေထိုင်တဲ့ အိမ်လေးထဲ ဝင်လိုက်ကြပါတယ်။ သစ်ရွက်မိုး၊ ဂါးထရံ ကာထားတဲ့ အိမ် လေးဟာ တဲတန်းရှည်နဲ့ တူပါတယ်။ အိမ်ထဲမှာ ဘာ အကာအရံမှ မရှိ၊ အခန်း ဖွဲ့ထားခြင်း မရှိ။ မီးဖိုချောင်၊ ရေချိုးခန်း၊ အိပ်ခန်း၊ ဧည့်ခန်း (အိမ်သာ ကတော့ တစ်ရွာ လုံးမှာ တစ်လုံးဘဲ ရှိတယ်လို့ တင်ပြထားပြီး ဖြစ်တဲ့အတွက် အိမ်ထဲမှာ အိမ်သာ မရှိ တာ အကျယ်ချဲ့ မရေးပြတော့ပါဘူး။) ဘာဆို ဘာမှ ရှိမနေပါ။ အိမ်ဟာ ဟောခန်း အရှည်ကြီး ဖြစ်ပါတယ်။ အိမ် တစ်လုံးရဲ့ အလယ်ခေါင်မှာ ရွှံ့တွေနဲ့ မံ ထားတဲ့ မီးဖို ကြီးကြီး တစ်ခု ရှိပါတယ်။ ဒီ မီးဖိုကြီးနဲ့ တစ်အိမ်သားလုံး ထမင်း ဟင်း ချက် စား ကြပါတယ်။ ဆောင်းတွင်း အရမ်း အေးရင် (အပူချိန် +4°C) သာ ရှိတဲ့ ဆောင်း ရာသီ မှာ မိသားစု အနွေးဓါတ် ရဖို့ မီးဝိုင်းလုံ့တဲ့ မီးဖိုလဲ ဖြစ်ပါတယ်။ အခု ကျနော်တို့ ရောက်တဲ့ အချိန်က ဆောင်းရာသီ မနက် ၉ နာရီ လောက် ဖြစ်ပေမဲ့ ချမ်း နေသေး တာမို့ မီးဖိုထဲမှာ ထင်း ပြန်ထိုးထားပြီး အနွေးဓါတ်ရအောင် မီးဖို ပေးထားပါတယ်။ ကျနော်တို့လဲ မီးဖိုထဲက အပူနဲ့ ကိုယ်ကို နွေးအောင် လုပ်နေကြရပါတယ်။ ပလောင် လူမျိုးတွေဟာ မိသားစု တစ်စုလုံး၊ အိမ်တစ်လုံးထဲမှာ စုပေါင်း နေထိုင်ကြပါတယ်။ အဖိုး အဖွား အဖေ အမေ သားသမီး သမက် ချွေးမ မြေးလေးတွေက အစ တဲအိမ် တန်းရှည် အကြီးကြီးထဲမှာ စုပေါင်းနေထိုင်ကြပါတယ်။ ကျနော်တို့က ဟာသ ဖောက် တဲ့ အနေနဲ့ လင်မယားတွေရော အတူတူ အိပ်ကြတာဘဲလားလို့ မေးလိုက် ပါတယ်။ ဟုတ်တယ်၊ အတူတူ စုပြီး အိပ်ကြတာတဲ့။ ဒါကိုတော့ ကျနော် သိပ် ဘဝင် မကျပါ။ ကျနော်တော့ ဒီလို မအိပ်တတ်ပါ။ ညားခါစ လင်မယား တွေအတွက်သာ ယာယီ သ ဘောနဲ့ အခန်း သေးသေးလေး ဖွဲ့ပေးပါတယ်။ နောက်ပိုင်းမှာ အဲဒီ အခန်း လေးကို ဖျက်ပြီး သူတို့လဲ မိသားစု တွေနဲ့ အတူတူ စုပေါင်း အိပ်ကြရပါတယ်တဲ့။ ဒါက သူတို့ ဓလေ့ ထုံးစံဖြစ်နေတော့ ကျနော်တို့လဲ ပါးစပ် အဟောင်းသားနဲ့ နားထောင် နေကြရပါတယ်။ အဲဒီလို စကားစမြည်ပြောရင်း ကျနော့် မျက်လုံးတွေ ကျိန်းစပ် လာသလို လှုလဲ အသက်ရှူ ကျပ်လာပါတယ်။ ပတ်ဝန်းကျင်ကို သတိ ထားမိလိုက်တော့ အိမ် အလယ်ကောင်မှာ ဖို ထားတဲ့ မီးဖိုက မီးခိုး မှိုင်း တွေက တ ဖြည်းဖြည်းနဲ့ များလာပြီး၊ အိမ် တစ်အိမ်လုံး မီးခိုးမှိုင်းတွေ ပြည့်လာပြီး မှိုင်းတွေ မွှန်လာလို့ဘဲ ဖြစ်ပါတယ်။ ပိုဆိုးတာက အိမ် တစ်အိမ်လုံးမှာ အပေါက် ဆိုလို့ ဝင်ပေါက် တစ်ပေါက်ဘဲ ရှိပါတယ်။ နောက်ဖေး ပေါက်တွေ၊ ပြူတင်းပေါက်တွေ လေသာပေါက်တွေ လေဝင် လေထွက် ပေါက်တွေ တစ်ခုမှ ရှိမနေဘဲ၊ အိမ်ရှေ့က ဝင် ပေါက် တစ်ပေါက်တည်းသာ ဖေါက်ထားတဲ့ ပလောင်လူမျိုးတွေရဲ့ စတိုင်ကို ရိပ်မိ လိုက်ပါတယ်။ ကျနော်တို့ကတော့ မှိုင်းတွေ မိပြီး အသက်ရှူ ကျပ်နေကြပေမဲ့ ပလောင် လူမျိုးတွေကတော့ သူတို့ကိုယ် သူတို့ မှိုင်းမိလို့ မိမှန်း မသိကြပါ။ နေတာ ကြာလို့ အရေထူပြီး ကျင့်သား ရနေကြပုံပါဘဲ။



မှိုင်း မိသူတွေ အများကြီးရှိပါတယ်။ မှိုင်း တွေကလဲ အမျိုးမျိုး ရှိပါတယ်။ အဓိက အားဖြင့် ခွဲခြမ်းစိတ်ဖြာပြရမယ်ဆိုရင်တော့ - ဘာသာရေး မှိုင်း၊ စီးပွားရေး မှိုင်း၊ နိုင်ငံရေး မှိုင်း လို့ ဆိုချင်ပါတယ်။ သမ္မာကျမ်းစာထဲမှာ သခင်ယေရှု ခရစ်တော် နောက်ကို လိုက်ချင်တဲ့ လူငယ်လေး တစ်ယောက်အကြောင်း တင်ပြချင်ပါတယ်။ သူဟာ သခင်ယေရှုနဲ့ တပည့်တော်တွေရဲ့ လုပ်ဆောင်ချက်တွေ နိမိတ် လက္ခဏာတွေကို မြင်ရတဲ့အခါ ဘာသာရေး မှိုင်း မိပြီး ဘာသာရေး အရမ်းလုပ်ချင်လာပါတယ်။ သခင့် နောက်ကို လိုက်ပါရစေလို့ ခွင့်တောင်းတဲ့ အထိပါဘဲ။ ကျနော်တို့သာ ဆိုရင် ဟာ ဘာသာရေးလုပ်တာဘဲ။ ကောင်းတာပေါ့။ လိုက်သာ လိုက်။ အလုပ်ထွက်။ မိဘ စွန့်။ စီးပွားစွန့်ပြီး လိုက်ခဲ့လို့ ခေါ်မိမှာ အသေအချာပါဘဲ။ ဒါပေမဲ့ သခင်ယေရှုက ဒီ လူငယ် ဘာသာရေး မှိုင်း မိနေတာကို သိတဲ့အတွက် ကိုယ့်အိမ် ကိုယ်ပြန် မိသားစုတွေနဲ့ အတူတူ ပြန်နေပါလို့ ငြင်းဆိုလိုက်ပါတယ်။ နောက်တစ်နေရာမှာ နောက်ထပ် လူငယ် တစ်ယောက်နဲ့ သခင်ယေရှုတို့ ထပ်တွေ့ဆုံကြပါတယ်။ ဒီလူငယ်ကတော့ ငွေ အရမ်း ရတတ်တဲ့သူ၊ စီးပွားရေး မှိုင်းမိနေတဲ့သူ ဖြစ်ပါတယ်။ သူ့ကို သခင်ယေရှုက ငါ့နောက်သို့လိုက်လော့ လို့ ခေါ်ခဲ့ပေမဲ့ ဒီလူငယ်က စီးပွားရေး မှိုင်းမိနေလို့ သခင့်ကို စွန့်သွားခဲ့ပါတယ်။ နောက်ဆုံး တစ်ယောက်ကတော့ တမာန်တော် စာရင်း ဝင် ယုဒရှကာရုတ်ဘဲ ဖြစ်ပါတယ်။ ယုဒရှကာရုတ်ဟာ နိုင်ငံရေးသမား ဖြစ်ပါတယ်။ ယုဒလူမျိုးတွေ ရောမအင်ပါယာ လက်အောက်က လွတ်မြောက်အောင် တော်လှန် နေတဲ့ မြေအောက်တော်လှန်ရေးသမားတစ်ယောက် ဖြစ်ပါတယ်။ ယေရှုခရစ်တော်ဟာ ရောမတွေကို တော်လှန်မဲ့ မျိုးချစ်ခေါင်းဆောင် ဘုရင်လို့ သူက ထင်ပြီး ယေရှု နောက်ကို လိုက်ကာ တပည့်ခံခဲ့သူ ဖြစ်ပါတယ်။ နောက်ဆုံးတော့ ယေရှုခရစ်တော်ဟာ ဓါးကိုင်ပြီး ရောမ အင်ပါယာကို တော်လှန်တဲ့ စစ်ဘုရင် မဟုတ်ဘဲ၊ မေတ္တာနဲ့ ကားတိုင် ပေါ် အသေခံတဲ့ အချစ်ဘုရင် မှန်း သိသွားတဲ့အခါ နိုင်ငံရေး မှိုင်းမိနေတဲ့ ယုဒဟာ သခင်ယေရှုကို ရောမ အာဏာပိုင် လက်ထဲ သစ္စာဖောက်ကာ အပ်နှံလိုက်ပါတယ်။ ရောမစစ်သားတွေ လာဖမ်းရင် သခင်ယေရှုက တန်ခိုး သုံးပြီး ရောမ စစ်သားတွေကို ကောင်းကင်တမာန် စစ်တပ်နဲ့ ပြန်တိုက်လိမ့်မယ်လို့ သူ့ရဲ့ နိုင်ငံရေးအမြင်နဲ့ ထင်နေလို့ပါဘဲ။

နိဂုံးချုပ် အနေနဲ့ ရေးပြ ရရင်တော့ မှိုင်း မိသူများဟာ သနားစရာ ကောင်း သလို ကြောက်စရာလဲ ကောင်းပါတယ်။ လောကမှာ မှိုင်း အမျိုးမျိုး ရှိပါတယ်။ လောဘမှိုင်း၊ အာဏာမှိုင်း၊ တဏှာမှိုင်း၊ ရာထူးမှိုင်း၊ မုသာလိမ်ညာမှိုင်း၊ မသမာ အာဇီဝမှိုင်း၊ လောင်းကစားမှိုင်း၊ -- မှိုင်း၊ -- မှိုင်း တွေက ရေးလို့မကုန်နိုင်ပါ။ ယေဘုယျ အားဖြင့်တော့ မှိုင်းမိသူများဟာ လူငယ် လူရွယ်တွေ၊ လူလတ်တန်းစားတွေ၊ ပညာ အဆင့်အတန်း မနိမ့်လွန်း မမြင့်လွန်းသူတွေ ဖြစ်ပါတယ်။ မှိုင်း တိုက်သူတွေကတော့ နေရာတကာမှာ ကြီးပွားလိုချင်၊ အာဏာလိုချင်၊ ရာထူးလိုချင်၊ ထင်ပေါ် ကျော်ကြားချင် ကြတဲ့ သူတွေပေါ့ဗျာ။ ။

မင်းအောင်သက်လွင်

---



ကာတွန်း - မင်းအောင်သက်လွင်



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; lord's word တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေဖန်ချက်) စာမူများ ဖတ်ရှုလိုပါက facebook account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။